# အသိပေးကြေညာချက် (၂ / ၂၀၂၆)

**ရက်စွဲ။ ၂၀၂၆ ခုနှစ်၊ ဇွန်လ (    ၁၉    ) ရက်**

၁။ အမိန့်ကြော်ငြာစာအမှတ် (၃၅/၂၀၂၃) **"ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်ခြင်းဆိုင်ရာအမိန့်"**အရ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းလီမိတက်တို့အား ပို့ကုန်သွင်းကုန်လုပ်ငန်းဆိုင်ရာရုံးကိစ္စများကို ဆောင်ရွက်ရန် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် စိစစ်ရေးကတ် ၅ ခုအထိ ခွင့်ပြုထုတ်ပေးလျက်ရှိပါသည်။

၂။ ယခုအခါ အဆိုပါ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်စိစစ်ရေးကတ်များ ဖောင်းပွမှုမရှိစေရေးနှင့် လုပ်ငန်းဆောင်ရွက်ရာတွင် တိကျမှန်ကန်မှုရှိစေရေးအတွက် **"ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်စိစစ်ရေးကတ်"** အား ကုမ္ပဏီ သို့မဟုတ် သမဝါယမအသင်းလီမိတက်တို့အား **စိစစ်ရေးကတ် ၁ ကတ်** ဖြင့်သာလုပ်ငန်းဆောင်ရွက်ခွင့်ပြုသွားမည် ဖြစ်ပါသည်။

၃။ သို့ဖြစ်၍ ထုတ်ပေးထားသည့် ပို့ကုန်သွင်းကုန်လုပ်ငန်းရှင် စိစစ်ရေးကတ်များကို ၂၀၂၆ ခုနှစ်၊ ဇွန်လ ၂၆ ရက်နေ့အပြီး ပယ်ဖျက်သွားမည်ဖြစ်ပါ၍ ယင်းနေ့မတိုင်မီ တာဝန်ယူအပ်နှံသွားရန် အသိပေးကြေညာအပ်ပါသည်။

**ကုန်သွယ်ရေးဦးစီးဌာန**